

# ဆံပယ်ကာ ဉာဏ်ခြယ်နိုင်ပါစေသား

**'သားသေ လင်ဆုံး ၊ ကုန်ရှုံး ကြွေးတင် ၊ လိုလင်မရ ၊ မယ်သီလ'** ရယ်လို့ ဘယ်ခေတ်အခါက ဘယ်မဟာပညာရှိ ကဝိအကျော်က နောက်နောက်ပြောင်ပြောင် စပ်ဆိုထားခဲ့တဲ့ စာတိုလေးမှန်းမသိ ၊ နှုတ်ထဲမှာ ရနေခဲ့တယ် ။ ဘယ်တုံးကတည်းက ဘယ်သူ့ဆီကနေ ကြားခဲ့ မှတ်ခဲ့ရတယ်ဆိုတာကိုလည်း မသိပါဘူး။ ဒီစာတိုလေးကို ခင်မင်ရတဲ့သူများ သီလရှင်ဝတ်မယ်ဆိုတဲ့အခါတိုင်း စလိုစိတ်နဲ့၊ ရင်းနှီးတဲ့ သီလရှင်များနဲ့ စကားအခြေအတင်ပြောဖြစ်တဲ့အခါမျိုးမှာ အနိုင်ရလိုစိတ်နဲ့ ရွတ်ဆိုပြလေ့ရှိခဲ့ဘူးပါတယ်။ အများဆုံးရွတ်ဆိုလေ့ရှိတာကတော့ ရန်ကုန်မှာရှိနေစဉ်ကပါ။ အဲဒီအခါက မူလတန်း ငယ် လတ် ကြီး ပထမပြန် သီလရှင် စာသင်သားများ၊ ဓမ္မာစရိယတန်း သီလရှင်များကို စာပို့ချပေးခဲ့ရတယ်။ စာလိုက်တဲ့ သီလရှင်တွေ ကိုယ်သိစေချင်တဲ့အတိုင်း မသိရကောင်းလားလို့ အားမရဖြစ်တဲ့အခါမျိုးမှာ သူတို့တွေ စိတ်ဓာတ်တက်ကြွလာအောင် ၊ မခံလိုစိတ်နဲ့ ပိုမိုကြိုးစားလာအောင် ပြောခဲ့တာပါ။ ကိုယ်ကတော့ ကိုယ့်ဖက်ကမှန်တယ်ထင်ပြီး အဲဒီလို ပြောခဲ့ပေမယ့် တစ်ဖက်မှာ ဘယ်လောက်ထိစိတ်ထိခိုက်မှုဖြစ်ရမယ် ဆိုတာမျိုးကိုတော့ မစဉ်းစားခဲ့တာ အမှန်ပါ။

ခုလည်း ဆောင်းပါးကို စပုံက သင်းလို့ မကောင်းခြင်းတွေပြောတော့မယ်လို့ မထင်လိုက်ပါနဲ့။ဒီနေရာမှာ ခုစာလေးကိုပြန်ရေးပြတာကတော့ စကားစပ်လို့သာ ရေးလိုက်တာပါ။ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ စိတ်ဆိုးအောင်ရေးပြတာ မဟုတ်ပါဘူး။ တစ်ဦးတစ်ယောက်အပေါ် အနိုင်ရလိုစိတ်နဲ့ ရေးတာလည်း မဟုတ်ပါဘူး။ ပြောရလျှင် စိတ်ထဲမှာ ကျေနပ်မှုကြောင့်၊ သီလရှင်ဝတ်ပြီး တရားဘာဝနာကြိုးစားအားထုတ်နေကြတဲ့ ပစ္စည်လေးပါး ဒါယိကာမကြီးများကို ချီးပလိုလို့ ဝမ်းမြောက်နမော် သာဓုခေါ်စိတ်နဲ့ ရေးတာပါလို့ ပြောပါရစေ။ ခုသီလရှင်ဝတ်ကြတဲ့သူတွေထဲမှာ အထက်ကလင်္ကာလေးထဲကလို အကြောင်းတစ်ခုခုကြောင့် သီလရှင်ဝတ်သူ တစ်ဦးမှပါလိမ့်မယ် မဟုတ်ဘူးလို့လည်း ယုံကြည်မိပါတယ်။ ဘုန်းကြီးခေါင်းခေါက်ပြီးမှ ကန်တော့ပါ ဆိုတာမျိုးလို သီလရှင်ထိပ်ခေါက်ပြီးကာမှ လေချိုသွေးတယ်လို့လည်း မမှတ်ထင်စေချင်ပါဘူး။

ဇူလိုင်လ (၁၉) ရက်နေ့က အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်၊ ဟာ့မွန်းဗေးမြို့၊ ဓမ္မာနန္ဒဝိဟာရကျောင်းမှာ စုပေါင်းသီလရှင်ဝတ်ပွဲကျင်းပခဲ့တယ်။ စုစုပေါင်း သီလရှင် (၂၉) ပါးပါ။ ဆန်ဖရန်စစ္စကိုဗေးဧရိယာရှိ ဘုန်းတော်ကြီးများကိုလည်း ပင့်ဖိတ်ပြီး နေ့ဆွမ်းဆက်ကပ်ကာ ဝတ္ထုပစ္စည်း အစုစု၊ စုပေါင်း လောင်းလှူပွဲကိုလည်း တစ်ပါတည်း ကျင်းပပါတယ်။ သံဃာတော်က ၁၂ ပါး၊ သီလရှင်က ဓမ္မာနန္ဒမှာ သီတင်းသုံးတဲ့ ဒေါ်သုခကာမီအပါအဝင် စုစုပေါင်း အပါး (၃၀) နဲ့ဆိုတော့ ပွဲကမြိုင်မြိုင်ဆိုင်ဆိုင် စည်စည်ကားကားပါပဲ။ သီလရှင်ခုလောက်များများဝတ်တာ အမေရိကမှာတော့ ဒါပထမဆုံးဖြစ်မယ်ထင်ပါတယ်။ ဒီပွဲမှာ ပြုလုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ်အစုစုရဲ့ ပုံရိပ်တွေကို မှတ်တမ်းပြုထားတဲ့ဓာတ်ပုံတွေကို ဂျွန်နသန်ခင် ဆိုတဲ့သူက အီးမေးကနေ ပို့ပေးလာတယ်။ ဒီပုံတွေကိုကြည့်ပြီး စာရေးလိုစိတ်ဖြစ်မိ

တယ်။ ဒီအမေရိကမှာ သျှောင်ထုံးတဲ့သူ မရှိတာကြောင့် သျှောင်တစ်လုံး အဆုံးခံပြီးလို့ မဆိုသာပေမယ့် ရှိတဲ့ဆံပင် အဆုံးခံကာ ကတုံးတုံးပြီး ရှားရှားပါးပါး ကိုယ့်ရဲ့ခွင့်ရက်လေးကိုသုံးကာ သီလရှင်ဝတ်ကြတဲ့သူတွေအတွက် အားပေး စကားဆိုသင့်တယ်လို့လဲ ထင်လို့ပါ။

ဖတ်ခဲ့မှတ်ခဲ့တဲ့စာလေးနဲ့ ပထမ မိတ်ဆက်ပေးပါရစေ။ ဒီဇာတ်လမ်းလေးကိုတော့ ထေရီဂါထာမှာ ခုလို မှတ်တမ်း တင်ထားပါတယ်။ ဗုဒ္ဓလက်ထက်တော်ကာလက မာဂဓတိုင်း နာလကရွာမှာ စာလာ၊ ဥပစာလာ၊ သီသူပစာလာ ရယ်လို့ ညီအမသုံးဦး ရှိတယ်။ သူတို့တွေက အရှင်သာရိပုတ္တရဲ့ နှမတော်တွေပါ။ သူတို့ရဲ့ အကိုတော်ကြီး ဖန်ဝါ ရောင်ဆင်မြန်း ရှင်ရဟန်းအဖြစ်ခံယူသွားပြီလို့ ကြားသိရတော့ ဘဝအဆက်ဆက်က ဖြည့်ဆည်းခဲ့တဲ့ ပါရမီတွေရဲ့ တွန်းအားကြောင့် သူတို့တွေလည်း အကိုကြီးနည်းတူ ရဟန်းဝတ်ကြဖို့ စိတ်ပိုင်းဖြတ်ခဲ့ကြတယ်။ သူတို့တွေရဟန်းပြု ကြမယ်ဆိုတော့ သက်ဆိုင်သူတွေက နည်းအမျိုးမျိုးနဲ့ အတန်တန်ကန့်ကွက်ကြပါတယ်။ ချစ်ခင်တွယ်တာသူတွေကို အပြီးတိုင်စွန့်ခွါပြီး ထာဝရရဟန်းအဖြစ်ကို ခံယူကြဖို့ ဆုံးဖြတ်ရတယ်ဆိုတာ သူတို့အဖို့ လွယ်ကူတဲ့အလုပ် ဖြစ်လိမ့် မယ် မဟုတ်ပါဘူး။ ငြိတွယ်စရာ တဏှာလောဘ သံယောဇဉ်ကြိုးတွေကိုပါမက ကဲ့ရဲ့ရှုတ်ချ ပြစ်တင်စကားဆိုကြမဲ့ သောက ဒေါသသံယောဇဉ်ကြိုးစတွေကိုပါ တစ်ပါတည်း ဖြတ်ကြရမှာပါ။ သို့ပေမယ့် ဒီကြိုးတွေကို ညီမဖော်တွေက လွတ်လွတ်ကင်းကင်းဖြတ်နိုင်ခဲ့ပါတယ်။ သီလကိုကောင်းစွာလုံခြုံ၊ ဣန္ဒြေကို လုံအောင်စောင့်စည်း၊ ပညာကိုရှေ့သွား ပြုကာ နေထိုင်ခဲ့တာကြောင့် ရဟန်းပြုပြီး မကြာမီအချိန်အတွင်းမှာပဲ တစ်ဘဝတာ တွေ့ကြုံဆုံရတဲ့သူတွေနဲ့ စပ်ပြီး ဖြစ်ရတဲ့သံယောဇဉ်ကြိုးတွေကိုပါမက နောင်မှာဘဝအသစ် ဖြစ်တည်ရမှုဆိုတာ မရှိနိုင်တော့တဲ့ ရဟန္တာ ထေရီမကြီး တွေဖြစ်ခဲ့ကြတာမို့ နောင်အနာဂတ်မှာ ဖြစ်တည်လာနိုင်တဲ့ သံယောဇဉ်ကြိုးအားလုံးကိုပါ တစ်ပါတည်း ဖြတ် တောက်နိုင်ခဲ့ကြပါတယ်။ သူတို့အဖို့တော့ ငြိမ်းချမ်းမှုဆိုတဲ့ သန္တိသုခကို ထာဝရပိုင်ဆိုင်လို့ သွားခဲ့ကြပါပြီ။ သာဓုခေါ် စရာ၊ ကြည်နူးအားကျ လေးစာစရာပါ။

ဒါကို မသိတဲ့မာရ်နတ်က အကြံအဖန်များလုပ်လို့ ရနိုင်မလားဆိုတဲ့အတွေးနဲ့ သူတို့ထံကို ချဉ်းကပ်စည်းရုံးဖို့ ရောက် လာခဲ့ပါတယ်။မာရ်နတ်ဆိုသူက ကောင်းတာလုပ်သူတွေကို နှောင့်ယှက်ဖို့ အမြဲကြံစည်နေသူ မဟုတ်လား။ သူက လူ မိုက်အသင်းအပင်းကို အင်အားကြီးအောင် တည်ထောင်လိုသူဆိုတော့ လူကောင်းတွေ ပွားများလာမှာမျိုးကို ဘယ် မှာ သဘောကျနိုင်ပါ့မလဲ။ ဒီတော့ ကောင်းတာလုပ်မည့်သူတွေကို မက်လုံးတွေ အမျိုးမျိုးပေးပြီး မကောင်းတာလုပ် ဖြစ်လာအောင် လှည့်ဖြားစည်းရုံးဖို့ သူက အားထုတ်မှာပဲပေါ့။ အနုတန်သူ အနု၊ အကြမ်းတန်သူ အကြမ်း၊ သူ့မှာ ပရိ ယာယ်နည်းလမ်းတွေကလည်း များမှ များ။ အနုနည်းနဲ့ စည်းရုံးလို့ပဲရရ၊ အကြမ်းနည်းနဲ့ သိမ်းသွင်းလို့ပဲ အောင် မြင် အောင်မြင်၊ သူ့ဘက်တော်သားတွေ များဖို့သာ သူ့အတွက် လိုရင်းပဲ မဟုတ်လား။

ကြည့်ပါဦး။ အမကြီးစာလာကိုတော့ မာရ်ယုတ်က 'ဘယ်လိုဆရာမျိုးကို ယုံစားအားကိုးပြီး ခေါင်းတုံးတုံးရတာတုံး။ သင်သွားလိုတဲ့ခရီးကို ဖြောင့်ဖြောင့်တန်းတန်း အရောက်လှန်းလို့ရနိုင်တဲ့ လမ်းကောင်းတွေအပြည့်ရှိတဲ့ အခြား အခြားသော ဆရာတွေရဲ့ နည်းလမ်းတွေကို သင်လက်မခံခဲ့ပါပဲလျက် ဘာကြောင့် ခုမှသင်က မိုက်မှားစွာ ဦးပြည်း ကတုံးတုံး၊ ဆံတစ်ထုံး အရှုံးခံကာ ကွေ့ကောက်တဲ့လမ်း လျှောက်လှန်းလို့ရတာလဲ' လို့ ဆရာစွဲနဲ့ လွဲအောင် လှည့် စားခဲ့ပါတယ်။ အလတ်မ ဥပစာလာနဲ့တွေ့ပြန်တော့ 'ဘာကြောင့်သင်က ဖြစ်တည်မှုသဘောတရားကို သဘောမကျ နိုင်ရတာလဲ။ ခန္ဓာဖြစ်မှုသဘောတရားဟာ သာယာနှစ်သက်ဖွယ် ကာမဂုဏ်ချမ်းသာတွေကို ပြည့်ပြည့်ဝဝ ခံစားဖို့ပဲ မဟုတ်လား။ ခုလိုသာ ဦးပြည်းကတုံး လူညွန့်တုံးတဲ့ အသွင်နဲ့သာ သင်နေသွားလျှင် နောင်မှာမှ ကာမဂုဏ်ချမ်းသာ တွေကို မခံစားမိခဲ့လေခြင်းလို့ နောင်တတွေပူပန်လို့ နေရလိမ့်ဦးမယ်' ရယ်လို့ ဖွယ်ရာစုံ ကာမဂုဏ်တရားတွေနဲ့ လှည့်စားဖို့ကြိုးစား ခဲ့ပြန်ပါတယ်။ အငယ်မ သီသူပစာလာထေရီမကိုတော့ တစ်ဘာသာနဲ့ စည်းရုံးမဲဆွယ်ပြန်ပါ တယ်။ 'အို သီသူပစာလာ၊ သင်က တာဝတိံသာ၊ ယာမာစတဲ့ နတ်ပြည်များမှာ အလွန်နှစ်သက်သာယာစရာ ကောင်းတဲ့ စည်းစိမ်တွေကို အကြိမ်ပေါင်းရာထောင်မက ခံစားခဲ့ဘူးတာ။ သင့်စိတ်အာရုံကို အဲဒီလိုသာယာဖွယ် ကောင်းတဲ့ ညွတ်ပြောင်းဖွယ် အာရုံတွေပေါ်မှာ ထားလိုက်စမ်းပါ။ ငြီးငွေ့စရာ အလွန်မှကောင်းတဲ့ ဘာဝနာကမ္မဋ္ဌာန်း အကြောင်းချည်းသာ အောက်မေ့ပြီးမနေပါနဲ့' ရယ်လို့ အတိတ်အဟောင်းတွေပြပြီး စိတ်ပြောင်းဖို့ နားချပြန်ပါတယ်။ တကယ့်အာဃ မာရ်ယုတ်ပါပဲ။

စိတ်ခတ်ခိုင်မာမှုမရှိတဲ့သူမျိုး၊ ကိုယ့်ယုံကြည်ချက်ကို စွဲစွဲမြဲမြဲ မဆုတ်ကိုင်နိုင်သူမျိုးဆိုလျှင်တော့ မာရ်နတ်ရဲ့ လှည့်ဖြားစည်းရုံးမှုအောက်မှာ ဒူးထောက်အညံ့ခံသွားမှာ အသေအခြာပဲပေါ့။ သို့ပေမယ့် စာလာတို့ သာသနာတွင်း ဝင်လာတာက ထင်ပေါ်ကျော်ကြားလိုလို့၊အများယောင်လို့ ယောင်လိုက်တာမျိုးနဲ့ ရဟန်းအဖြစ် ခံယူခဲ့တာမျိုးမှ မဟုတ်တာ။ မိရိုးဖလာပွဲမို့ မန္တဲမရှိရလေအောင် ဝင်ရောက်ပြီး န္တဲကြည့်တာမျိုးမှ မဟုတ်တာ။ ဒီတော့ မာရ်နတ်လိုပုဂ္ဂိုလ်မျိုး ရာထောင်သိန်းသန်း လာစမ်းပစေ။ ဘယ်မှာလာလို့ တုန်လှုပ်မှု ရှိလိမ့်မလဲ။ ဘွဲ့ထူးစည်းစိမ် အာဏာပါဝါ၊ ဘယ်အရာကမှ စာလာတို့စိတ်ကို တုန်လှုပ်စေလိမ့်မယ် မဟုတ်ဘူးဆိုတာ မာရ်နတ်ခမျာ မသိနိုင်ရှာဘူးပေါ့။ တကယ်တော့ သူကျင်လည်နိုင်တဲ့နယ်ပယ်၊ သူလှည့်ဖြားနိုင်တဲ့နယ်ပယ်၊သူစိုးမိုးနိုင်တဲ့နယ်ပယ်က အကန့်အသတ်ရှိတယ်ဆိုတာကို မာရ်ယုတ် မသိနိုင်ခဲ့တာပါ။ စာလာတို့ညီအမတွေက သူ့ပိုင်နက်နယ်ပယ်က လွန်မြောက်နေခဲ့ပြီလေ။ ငြိမ်းချမ်းမှုအပြည့်ရှိတဲ့ သန္တိသုခနယ်ပယ်မှာ ထာဝရ စံပါယ်လို့နေခဲ့ပြီလေ။

ခေါင်းတုံးဦးပြည်းတုံး၊ ဆံအရှုံးခံကာ သီလရှင်ဝတ် တရားဘာဝနာစီးဖြန်းကြတဲ့ ပစ္စည်းလေးပါးလှူဒါန်းထောက်ပံ့ကြတဲ့ ဆရာကြီးတွေ၊ ဆရာလေးတွေလည်း စာလာ၊ ဥပစာလာနဲ့ သီသူပစာလာ ညီအမတစ်ဖော်လို ရဟန္တာထေရီမကြီးတွေ မဖြစ်နိုင်ကြသည့်တိုင် သီလရှင်ဘဝနဲ့ နေကြတဲ့ရက်အတွင်း အနည်းဆုံး စိတ်ငြိမ်းချမ်းခြင်း ကိုယ်စီတော့ ရစေချင်ပါတယ်။ ရအောင်အားထုတ်နိုင်သူတွေလည်း ဖြစ်စေချင်ပါတယ်။

ရှင် ရဟန်းပြုရတယ်၊ သီလရှင်ဝတ်ရတယ်ဆိုတာက အတိုင်းအတာတစ်ခုအထိတော့ ကာမဂုဏ်ချမ်းသာတွေကို စွန့်လွှတ်ကြရတာ။ ကြည့်ချင်တာတွေ မကြည့်ရပဲ၊ ကြားလိုတာတွေ မကြားရ၊ စားလိုတာ မစားရ၊ သွားလိုရာမသွားရပဲ နေကြရတာ။ ခြုံပြောရလျှင် လူ့စည်းစိမ်ချမ်းသာတွေကို စွန့်လွှတ်ထားကြရတာ။ တစ်ဖက်က လောကီချမ်းသာတွေကို စွန့်လွှတ်ရတာနဲ့အမျှ တစ်ဖက်မှာ လောကုတ္တရာချမ်းသာ၊ တစ်နည်းပြောရလျှင် မြင့်မြတ်သူတို့ချမ်းသာ သမဏသုခကို ရမှတော်မှာ။ ဒီလိုမှမဟုတ်လျှင်တော့ ရှေးဆရာတွေမိန့်ကြားသလို **'ကာမဘောဂါ ၊ လူ့ချမ်းသာလည်း၊ ကင်းကွာဝေးစွ၊ သမဏရဲ့ သုခလည်းဆုံး ၊ နှစ်ကျိုးရှုံးလျက်၊ ခေါင်းတုံးသာလျှင်၊ အဖတ်တင်လိမ့်'** ဆိုသလို ခေါင်းတုံးအဖတ်တင်တဲ့ သီလရှင်ဝတ်ရမှုမျိုး မဖြစ်စေချင်ပါဘူး။

စာလာတို့ ညီအမတွေလို သီလရှင်ဝတ်ကြတဲ့ ပစ္စည်းလေးပါး ဒါယိကာမတွေလည်း ဘယ်လိုအနုအကြမ်းကိလေသာ မာရ်တွေရဲ့ အနှောင့်အယှက်မျိုးကမှ စိတ်ကို မညှိုးနွမ်း မထိခိုက်စေပဲ ကိုယ်မျှော်မှန်းထားတဲ့ တရားတော်တွေကို ရရှိတဲ့ရက်ပိုင်းအတွင်း ထိထိရောက်ရောက်ပေါက်မြောက်အောင် ပွားများအားထုတ်နိုင်ကြပါစေလို့ ဆုတောင်းရင်းနဲ့ အတူ ကြိုးစားပွားများကြဖို့ အားပေးစကားပြောလိုက်ချင်ပါတယ်။ ။

မေတ္တာဖြင့်
အရှင်ဉာဏိက

*ခုဒ္ဒကနိကာယ် ၊ ထေရီဂါထာများကို မှီငြမ်းပါသည်